# မာတိကာ


| | | |
|---|---|---|
| - | စောလူရဲ့အမှာစာ | က |
| - | ကဗျာလှိုင်းကလေး ဘောင်ဘင်ဝေအောင် မောင်ခင်မင်(ဓနုဖြူ)ရဲ့အမှာစာ | ဈ |
| - | စာရေးသူရဲ့ စကားဦး | ဏ |
| ၁။ | ပုဂံခေတ်က မြကန်သာ | ၁ |
| ၂။ | ရှင်မဟာရဋ္ဌသာရ ကဗျာစရေးတဲ့အရွယ် | ၈ |
| ၃။ | ရှင်မဟာရဋ္ဌသာရရဲ့ ပညာသင်ယူမှုနည်းနာကဗျာတစ်ပုဒ် (ပထမပိုင်း) | ၁၆ |
| ၄။ | ရှင်မဟာရဋ္ဌသာရရဲ့ ပညာသင်ယူမှုနည်းနာကဗျာတစ်ပုဒ် (ဒုတိယပိုင်း) | ၂၇ |
| ၅။ | မိန်းမသားတစ်ယောက်ရဲ့ တိတ်တခိုးအချစ် | ၃၆ |
| ၆။ | ငှက်သွင်ပျံကြွမတတ်သော | ၄၃ |
| ၇။ | နတ်ရှင်နောင်ငယ်ချစ် ဘယ်သူဖြစ်မလဲ (ပထမပိုင်း) | ၅၂ |
| ၈။ | နတ်ရှင်နောင်ငယ်ချစ် ဘယ်သူဖြစ်မလဲ (ဒုတိယပိုင်း) | ၆၀ |
| ၉။ | နေနိုင်တော်မူအားတဲ့ မယ့်ချစ်သူ | ၇၆ |
| ၁၀။ | ရွှေဖီဦးကို ခူးလှည့်ပါရှင် | ၈၄ |
| ၁၁။ | လယ်သမားမိသားစုရဲ့ သုခရိပ်မြုံ | ၉၂ |
| ၁၂။ | လယ်တောထဲက ဘဝဓားကဗျာ | ၁၀၀ |
| ၁၃။ | မဲဇာတောက လွမ်းတသူ | ၁၁၀ |
| ၁၄။ | ၂၀၁၉ ခုနှစ်မှာ အကျော်ကြားဆုံးရေးစာဆို | ၁၂၀ |
| ၁၅။ | ပူသမျှရယ်နှင့် အေးခွင့်မဖန် | ၁၃၁ |
| ၁၆။ | လမင်းကိုခွေးဟောင်လို့ ရွှေလရောင်ပြောင်မပျက်တယ် | ၁၃၉ |
| ၁၇။ | ရွှေလရယ်သာ အင်းလယ်မှာ ပွင့်တဲ့ပန်း | ၁၄၇ |
| ၁၈။ | အထက်တန်းကျောင်းသားဘဝကစွဲလမ်းခဲ့ရတဲ့ကဗျာနှစ်ပုဒ် | ၁၅၈ |
| ၁၉။ | ဦးပုညနဲ့ မင်းသုဝဏ် | ၁၆၇ |
| ၂၀။ | ခေတ်စမ်းခေတ်ရဲ့ လှိုင်းကလေး | ၁၇၇ |
| ၂၁။ | စာဆိုလွတ်လပ်ခွင့်နဲ့ ကောက်စိုက်အမြန်ရေကန်ကြီး | ၁၉၀ |
| ၂၂။ | အောင်အတိတ်အောင်နိမိတ်နဲ့ သပြေညို | ၂၀၄ |
| ၂၃။ | ဆရာတင်မိုးရဲ့ ဘဝတစ်ကွေ့ အမေ့အလွမ်းကဗျာများ | ၂၁၆ |
| ၂၄။ | ဆရာတင်မိုးရဲ့ လူသိနည်းတဲ့ ကဗျာကလေးသုံးပုဒ် | ၂၃၀ |
| ၂၅။ | ဆရာတင်မိုးကဗျာဖွဲ့ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဆရာ | ၂၄၆ |
| ၂၆။ | အောင်ဆန်းဇာနည်ကဗျာ ဘယ်သူရေးတာလဲ | ၂၆၀ |
| ၂၇။ | ဆရာစွမ်း အလွမ်းပြေ | ၂၇၃ |
| ၂၈။ | ကိုဇစ်ပြီးရင် တဟီတီသွားရအောင် | ၂၈၃ |


ဟော ခုတော့လာပါပြီ။ ဒေါက်တာအောင်မြင့်ဦးရဲ့ "စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး" အမည်နဲ့ ယခုစာအုပ်အဖြစ်ထုတ်ဝေလိုက်တဲ့ ဖတ်မှတ်လေ့လာမြန်မာစာဆောင်းပါးစု လာပါပြီ။ ဆရာဒေါက်တာလှသော ဆန္ဒကို ဒေါက်တာအောင်မြင့်ဦးဖြည့်လိုက်ပါပြီ။ မြန်မာကဗျာသင်ကြားရေးက ဟာကွက် ဟာကွက်ကို ဖြည့်လိုက်ပါပြီ။ ဘယ်လိုဖြည့်ပါလဲဆိုရင်။ ဖြည့်ပုံကို မပြောခင် ဒေါက်တာအောင်မြင့်ဦးရဲ့လက်ရာ ဖတ်မှတ်လေ့လာမြန်မာစာမြုံ ပုံကိုအကြမ်းလောက် ကြည့်ကြည့်ရအောင်၊ နာမည်ပေးထားတဲ့အတိုင်း မြုံ့ရထားတာက မြန်မာကဗျာတွေအကြောင်း။ ဒါပေမဲ့ သူသူငါငါ ကဗျာအကြောင်းပြောကြတာနဲ့ မတူ။ ကျွန်းသံ ဂန်သံမပေါက်၊ ဟိန်းသံ ပေါက်သံမပါ။ ကိုယ်ဖတ်ဖူးထားတဲ့ ကဗျာတချို့အကြောင်း ဝါသနာတူချင်း စကားဝိုင်းဖွဲ့နေတဲ့ဟန်မျိုး ရေးထားတာ။ ဖတ်ရင်းက ကိုယ့်မိတ် ဟောင်းဆွေဟောင်းနဲ့ တွေ့နေရသလို ကဗျာတွေနဲ့ ချက်ချင်း ရင်းနှီးသွားအောင် ရေးထားတာ။ နားလည်ဖို့ မခက်၊ မခက်အောင် ရေးထားပေမဲ့ စိတ်ကူးပေါက်ရာ ရေးထားတာမဟုတ်။ အကိုးအကား အထောက်အထားအပြည့်နဲ့၊ စိတ်ချလက်ချ အားကိုးတကြီးနားထောင်ရမဲ့ စကားဝိုင်းလေးဖြစ်လို့ ကဗျာတွေအကြောင်း အတွေ့တွေ့ပြောတဲ့ ဒီစကားဝိုင်းထဲမှာ ဆယ်တန်းကဗျာသင်ကြားရေးမှာပါတဲ့ ကဗျာဆယ်ပုဒ်ပါနေတာက ဝမ်းသာစရာပါ။ ဝမ်းသာဆို အဲဒီလိုပါနေတာကိုက ဆရာဒေါက်တာလှသောအဆိုပြုခဲ့တဲ့ သင်ထောက်ကူပစ္စည်းတစ်ရပ် အလိုလိုဖန်တီးပြီး ဖြစ်နေလို့ပါ။ ခေတ်အမြင် ခေတ်အတွေးနဲ့ ခေတ်မီတဲ့ စာသင်ခန်းတစ်ခု ဖော်ဆောင်ချင်လို့ကတော့ ဆရာ၊ ဆရာမတွေအနေနဲ့ သုံးကြပေတော့။ ဆရာ၊ ဆရာမတွေတင် မဟုတ်ပါဘူး။ ဒီစာတွေကို ဆရာ၊ ဆရာမတွေက ဆရာလက်စွဲလုပ်ထားလို့ရုံမှ မဟုတ်ဘဲ။ စာသင်သားတွေဆီလဲ ရောက်ဦးမှာ။ ဒီတော့ စာသင်သားတွေလဲ ဆရာ၊ ဆရာတွေနဲ့အပြိုင် ဖတ်ကြမှတ်ကြလေ့လာကြ ပေရော့။ ဒါကြောင့် ကဗျာသင်ကြားရေး ဟာကွက် ဟာကွက်ကိုဖြည့်ရာရောက်တယ်လို့ ပြောရတာပေါ့။

ဒါပေမဲ့ ကဗျာသင်ကြားရေး အကောင်းဘက် ရွေ့ မရွေ့က ဆရာ ဆရာမ၊ ကျောင်းသူ ကျောင်းသားတွေအပေါ် တည်မှာပါ။ ကဗျာစာသင်ခန်းတွေမှာ ရှေးကအတိုင်း သင်ကြမလား၊ ခေတ်နဲ့အညီသင်ကြမလား။ ရှေးကအတိုင်း သင်ရင်တော့တစ်မျိုး၊ ကဗျာထဲက ဝေါဟာရတွေဖွင့်ကြ၊ ကဗျာရဲ့ အဓိပ္ပာယ်ဖွင့်ကြ၊ ကဗျာကိုစကားပြေပြန်ကြ၊ ကဗျာရဲ့ အရသာမခံရ၊ ကဗျာရဲ့ အနှစ်သက်ကို မခံစားရနဲ့။ ပြီးသွားကြမှာ အသေအချာ။ ခေတ်နဲ့အညီ သင်ချင်ရင်တော့ ဒေါက်တာအောင်မြင့်ဦးစာအုပ်က ရှိနေပြီ။ စာသင်ခန်းမလာခင် စာအုပ်ထဲက စာသင်ခန်းမှာ ပြောကြဆွေးနွေးကြမဲ့ ကဗျာအကြောင်းကိုသာ ကြိုဖတ်ခဲ့ရှိရှိင်းပါလေ။ ကဗျာတစ်ပုဒ်ချင်း တစ်ပုဒ်ချင်းအတွက် သိစရာ မှတ်စရာတွေ ဒေါက်တာအောင်မြင့်ဦးက ရှာဖွေစုဆောင်းပေးပြီးသား။ သူရှာဖွေပေးထားတာတွေ ဖတ်၊ ကဗျာအကြောင်း ကိုယ်တိုင်စဉ်းစား။ အတန်းထဲကျ ဆရာတွေ၊ အတန်းဖော် သူငယ်ချင်းတွေနဲ့ ဆွေးနွေး။ သဘောတူတာတွေ ရှိသလို သဘောမတူတာတွေလဲ ရှိချင်ရှိ။ သူက ဘယ်ထောင့်ကတွေးလို့ ကိုယ်ဘယ်ထောင့်ကတွေးနေမိပါလိမ့်။ ထောင့်မတူတဲ့အကြောင်း အမြင်ရှာ။ သူက ဘာကိုတန်ဖိုးထားလို့ ကိုယ်က ဘာကို တန်ဖိုးထားနေမိပါလိမ့်။ တန်ဖိုးထားပုံ မတူတဲ့ အကြောင်းအမြင်ရှာ။ ညှိနှိုင်း။ ဒီအချိန် ဒီအရွယ်ကတည်းက ရှုစမ်းတတ်၊ ဆင်ခြင်တတ်၊ ညှိနှိုင်းတတ်တဲ့အလေ့အကျင့်တွေ ပွားများလာမှာ တွေးကြည့်ရင်ကို ပျော်စရာကြီး။ ဒီထက် ဒီထက်ပိုပွားများလာမဲ့ အမြတ်တွေလဲ အများကြီး။ ဒီစာအုပ်အတွက် ဒေါက်တာအောင်မြင့်ဦးကို ကျေးဇူးတင်ရပါတယ်။ တစ်က စောစောက ပြောထားသလို ဟာကွက် ဟာကွက်ကို ဖြည့်ဆည်းပေးလို့။ နှစ်က ကဗျာတွေအကြောင်း ရေးပြတဲ့အခါ လက်ကုန်နှိက်ထားလို့။ သုံးက ကဗျာတွေနဲ့ရင်းနှီးသွားရုံမဟုတ်ဘဲ ရှုစမ်းပုံ ရှုစမ်းနည်း၊ ညှိနှိုင်းပုံ ညှိနှိုင်းနည်း နည်းပေးလမ်းပြလုပ်ရင်း သုတေသနကွန်ချက်ပါ ပြသွားလို့။ သူ့စာတွေကိုသာ ဆင်ဆင်ခြင်ခြင်ဖတ်၊ အချိန်ပေးသုံးသပ်။ အချေအချင်း ဆွေးနွေးသွားရင် မြန်မာကဗျာသင်ကြားရေး အကောင်းဘက် ဦးလှည့်သွားမှာ ရဲရဲကြီးအာမခံလိုက်ကြောင်းပါခင်ဗျား။

**စောလူ**